# စစ်အာဏာသိမ်းမှုနှင့် နိုင်ငံ့စီးပွားရေး

*သန်းထွန်း*

*(“သန်းထွန်း”သည် အင်းလျားဘောဂဗေဒတည်ထောင်သူ ၇ဦးအနက် ၁ဦး ဖြစ်ပါသည်။)*

၂၀၀၈ အခြေခံဥပဒေပါ ပေးထားချက်များအား အရပ်သားနိုင်ငံရေးသမားများက နိုင်ငံရေးမျှခြေ မပျက်စေရန် ရည်သန်ကာ လိုက်နာခဲ့သည်။ ပြည်သူလူထုသည် နောက်တဖန် စစ်တပ်မှ အာဏာသိမ်းမည်ဟု မည်သို့သော အကြောင်းရင်းနှင့်မျှ မယုံကြည် မမျှော်လင့်ခဲ့ပါ။ သို့သော် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့တွင် နိုင်ငံတော်အာဏာကို စစ်ဘက်က အမြင့်မားဆုံး ဝင်ရောက်စွက်ဖက်ခဲ့ပါသည်။ (ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်)က “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ”ဆိုသည်ကို ဖွဲ့စည်းပြီး နိုင်ငံတော်အာဏာ ခက်မသုံးဖြာ အလုံးစုံအား သိမ်းယူခဲ့ပါသည်။ သူက အခုအာဏာသိမ်းမှုသည် အရင့်အရင်အာဏာသိမ်းမှုများနှင့် မတူညီပါဟု ငြင်းဆိုသော်လည်း ပြည်သူလူထုက မယုံကြည်ပါ။ ထို့ကြောင့် ဒီမိုကရေစီကို ချစ်ခင်မြတ်နိုးသော ပြည်သူလူထုသည် ဒီမိုကရေစီအတွက် ကိုယ်စီ စွမ်းနိုင်သည့်ကဏ္ဍကနေ၍ ကြိုးပမ်းအားထုတ်သွားကြမည်မှာ မြေကြီးလက်ခက်မလွဲ ဖြစ်ပါသည်။

အထက်ပါစာပိုဒ်သည် ယခုဆောင်းပါးအား မရေးသားခင် ဆောင်းပါးရေးသားရန် စာရေးသူအား လှုံ့ဆော်နေသည့် ယနေ့မြေပြင် အခြေအနေကို အမှန်အတိုင်း အတိုချုပ် တင်ပြခြင်း ဖြစ်သည်။

ယခုဆောင်းပါးသည် စစ်အာဏာသိမ်းမှုများနှင့် နိုင်ငံစီးပွားရေးအကြား ဆက်စပ်မှုများအား မိမိဉာဏ်မီသမျှ လက်လှမ်းမီသမျှ စုစည်းဖော်ထုတ်ပေးဖို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စစ်အာဏာသိမ်းမှုအား ၃ကြိမ် သို့မဟုတ် ၄ကြိမ် ကြုံတွေ့ပြီး ဖြစ်သော်လည်း စစ်အာဏာသိမ်းမှုများနှင့် နိုင်ငံစီးပွားရေးအကြောင်း ပညာရပ်ဆိုင်ရာ ရေးသားချက်များ ရှားပါးနေဆဲ ဖြစ်သဖြင့် စာရေးသူက အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ခြင်း ဖြစ်ပါသည်။ ယခုဆောင်းပါးတွင် စစ်အာဏာသိမ်းမှုနှင့် နိုင်ငံ့စီးပွားရေးအကြောင်း ပညာရပ်ဆိုင်ရာ ရှင်းပြချက်များနှင့် နိုင်ငံတကာအတွေ့အကြုံများကို အားပြု ရေးသားသွားပါမည်။ ယခုဆောင်းပါးတွင် တူရကီနိုင်ငံနှင့် အခြားနိုင်ငံအတွေ့အကြုံများအား အလျဉ်းသင့်သလို ဥပမာပေး တင်ပြသွားပါမည်။

စစ်အာဏာသိမ်းမှုနှင့် နိုင်ငံ့စီးပွားရေးအကြား ဆက်စပ်မှုများကို လေ့လာရာတွင် မေခရိုအဆင့် (နိုင်ငံလုံးဆိုင်ရာ စီးပွားရေးကိန်းရှင်များ) လေ့လာချက်များနှင့် မိုက်ခရိုအဆင့် (နိုင်ငံ၏ စီးပွားရေးအကျိုးရှင်အုပ်စုများအကြား အပြန်အလှန် သက်ရောက်မှုများ) လေ့လာချက်များ ဟူ၍ နှစ်မျိုး ရှိပါသည်။

## မေခရိုအဆင့် (နိုင်ငံလုံးဆိုင်ရာ စီးပွားရေးကိန်းရှင်များ) လေ့လာချက်များ

နိုင်ငံလုံးဆိုင်ရာ စီးပွားရေးကိန်းရှင်များ လေ့လာချက်များတွင် နှစ်ကာလရှည်ကြာ အာဏာသိမ်းထားသော နိုင်ငံများနှင့် နှစ်ကာလအပိုင်းအခြားတစ်ခုကြာ အဖန်ဖန် အာဏာသိမ်းထားသော နိုင်ငံများအကြား တွေ့ရှိချက်သည် ကွဲပြားပါသည်။ မြောက်ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများတွင် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုများသည် သိသာထင်ရှားပါသည်။ မြောက်ကိုရီးယားနိုင်ငံဆိုလျှင် ၁၉၇၀ပြည့်လွန်နှစ်များအစောပိုင်းတွင် ရာသီဥတုကောင်းမွန်ပြီး သီးနှံထွက်နှုန်းတိုးသဖြင့် ၎င်း၏ စီးပွားရေးသည် ထိုအချိန်က တောင်ကိုရီးယားထက်ပင်လျှင် ပိုမိုကောင်းမွန်သည်။ သို့သော် ၁၉၇၅တွင် ရာသီဥတုဖောက်ပြန်ရာမှ အစပြုလိုက်သော စီးပွားရေးကျဆင်းမှုသည် ယခုထက်တိုင် ကျဆင်းလာရာ မြောက်ကိုရီးယား၏ ယခုအခြေအနေအား အများပြည်သူ သိရှိပြီး ဖြစ်ပါသည်။ အာဏာရှင်စနစ်အောက်တွင် စီးပွားရေးစနစ်သည် ကျရောက်လာသော ဘေးအန္တရာယ်များမှ ရုန်းကန်ထကြွနိုင်စွမ်း ကင်းမဲ့ပါသည်။ အဘယ်ကြောင့်နည်း။

စီးပွားရေးတွင် “မက်လုံး”သည် အရေးကြီးသည်။ ဒီမိုကရေစီနိုင်ငံရေးစနစ်အောက်တွင် လူထုအား “မက်လုံး” ပေးရသည်။ ဒီမိုကရေစီနိုင်ငံရေးစနစ်အောက်က စီးပွားရေးတိုးတက်မှုသည် ပြည်သူလူထုတစ်ရပ်လုံးက အစိုးရဖန်တီးပေးသော မက်လုံးကို တုံ့ပြန်ပြီး ပြည်သူများ ကြွယ်ဝလာရာမှ နိုင်ငံ ချမ်းသာလာခြင်း ဖြစ်သည်။ အာဏာရှင်စနစ်အောက်တွင်မူ လူတစ်ဦးက နိုင်ငံအတွက်

ဟုဆိုပြီး "မက်လုံး"ကို ထုတ်ပြန်သည်။ ထို"မက်လုံး"သည် လူတစ်ဦးတည်း၏ မက်လုံး ဖြစ်၏ ပြည်သူလူထု၏ ကိုယ်စီအားထုတ်ချက်မဟုတ်။

ကျွန်ုပ်တို့ နိုင်ငံ၏ အတိတ်က စီးပွားရေးအပေါ် သက်ရောက်မှုများအား ပြည်သူလူထုသည် ကိုယ်တိုင် ကြုံတွေ့ခံစားရပြီးဖြစ်သည့်အတွက် စာရေးသူ ရေးစရာမလို။

နှစ်ကာလတစ်ခု အပိုင်းအခြားတစ်ခုကြာ အဖန်ဖန် အာဏာသိမ်းထားသော နိုင်ငံများတွင် နိုင်ငံလုံးဆိုင်ရာ စီးပွားရေးကိန်းရှင်များ လေ့လာချက်အရ တိကျသေချာသော ရလဒ်မထွက်။ တူရကီနိုင်ငံတွင် စီးပွားရေးပြဿနာများအာ အရပ်သားအစိုးရ မရှင်းနိုင်သဖြင့် အရပ်သားအစိုးရ စွမ်းဆောင်ရည်မရှိဟု သမုတ်ကာ တူရကီစစ်တပ်က ၁၉၆၀တွင် စစ်အာဏာသိမ်းသည်။ အမှန်မှာ တူရကီနိုင်ငံ၏ စီးပွားရေးပြဿနာမှာ စီးပွားရေးတည်ဆောက်မှုဆိုင်ရာ အကြီးစားပြဿနာနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။ ပို့ကုန်စွမ်းဆောင်ရည် နိမ့်ပါးခြင်း၊ စီးပွားရေးတိုးတက်မှုနှုန်း မတည်ငြိမ်ခြင်း၊ နိုင်ငံတွင်း အရင်းအနှီးငွေ နည်းပါးသဖြင့် ပြည်ပငွေအဝင်ကို အားထားလွန်းရခြင်းနှင့် ၎င်း၏ အကျိုးဆက်ဖြစ်သော ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားခြင်း တို့ဖြစ်ပါသည်။ ထိုပြဿနာများသည် နိုင်ငံ့စီးပွားရေးအား ဆယ်စုနှစ်တစ်ခါဆိုသလို အဆိုးသံသရာထဲ ကျရောက်စေသည်။ ထိုအချိန်မျိုးတွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ မူဝါဒလမ်းညွှန်ချက်များကို အရပ်သားအစိုးရက လိုက်နာရသည်။ အရပ်သားအစိုးရသည် နိုင်ငံ့စီးပွားရေးအခြေအနေကို ကြည့်ရသလို နိုင်ငံသားများ၏ အမြင်ကိုလည်း ဂရုစိုက်ရသည်။ ထို့ကြောင့် မူဝါဒများကို အပြည့်အဝမလိုက်နာနိုင်။ အဆိုပါအခြေအနေမျိုးတွင် တူရကီစစ်တပ်က အာဏာသိမ်းသည်။ စစ်တပ်အာဏာသိမ်းထားစဉ်အတွင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ လမ်းညွှန်ချက်များကို အပြည့်အဝ လိုက်နာသည်။ နိုင်ငံသားများ၏ အမြင်ကို မျက်ကွယ်ပြုသည်။ သို့သော်လည်း တူရကီရေးရာလေ့လာသူ Anne Krueger က တူရကီစစ်အစိုးရသည် မူဝါဒများကျရှုံးရခြင်း၏ အကြောင်းရင်းဖြစ်ကြောင်း သတ်မှတ်ပါသည်။ တူရကီစစ်အစိုးရသည် ငွေကြေးဖောင်းပွမှုနှုန်းကို အတိုင်းအတာတစ်ခုထိန်းနိုင်သော်လည်း ၎င်းတို့တာဝန်ယူအပြီးတွင် နိုင်ငံသည် စီးပွားရေးကျဆင်းမှုနှင့် ကြုံရပြန်ပါသည်။ **အရပ်သားအစိုးရအား စွမ်းဆောင်ရည်မရှိဟု သတ်မှတ်မှတ်ပြီး နိုင်ငံတော်တာဝန်ဝင်ယူသော တူရကီစစ်တပ်သည် သူတို့သည်လည်း စွမ်းဆောင်ရည်မရှိကြောင်းသာ သမိုင်းစာမျက်နှာတွင် မှတ်တမ်းတင်ကာ ပျောက်ကွယ်သွားရပါသည်။**

နိုင်ငံလုံးဆိုင်ရာ စီးပွားရေးကိန်းရှင်များအဆင့် လေ့လာချက်တွင် တိကျသော အဖြေများ မတွေ့ရသည်မှာ စာရင်းအင်းပညာနှင့် သုတေသနနည်းနာတို့၏ အကန့်အသတ်က တစ်ကြောင်း ပါဝင်ပါသည်။ နှစ်ကာလတစ်ခုကြာ အဖန်ဖန် အာဏာသိမ်းထားသော နိုင်ငံများတွင် မရှင်းလင်းသော အဖြေများသာ ရပါသည်။ မရှင်းလင်းမှုပေါင်းမြောက်များစွာ ရှိနေသည့်ကြားကပင် ရှင်းလင်းသည့် တွေ့ရှိချက်နှစ်ခုလည်း ရှိနေပါသည်။ ပထမတွေ့ရှိချက်မှာ *ပညာရေးဆိုင်ရာအချက်အလက်များကိုပါ ထည့်သွင်းတွက်ချက်ပါက "စစ်အာဏာသိမ်းမှုများသည် နိုင်ငံ့စီးပွားရေးတိုးတက်မှုအား ကျဆင်းစေပါသည်"*။ ဒုတိယတွေ့ရှိချက်မှာ *စစ်အာဏာသိမ်းမှုသည် ဝင်ငွေမညီမျှမှုကို ဆိုးရွားစေသည်* ဆိုသည့် အချက်ဖြစ်ပါသည်။ ဒုတိယတွေ့ရှိချက်နှင့် စပ်လျဉ်း၍ သိသာထင်ရှားသော ဥပမာမှာ တောင်ကိုရီးယားနိုင်ငံ ဖြစ်ပါသည်။ တောင်ကိုရီးယားသမ္မတပက်ချုံဟီးသည် တောင်ကိုရီးယားစီးပွားရေးကို နိုင်ငံလုံးဆိုင်ရာ စီးပွားရေးကိန်းရှင်အရ တိုးတက်စေခဲ့ပါသည်။ တစ်နိုင်ငံလုံးကို ခြုံကြည့်ပါက အမှန် တိုးတက်ခဲ့ပါသည်။ တစ်ချိန်တည်းတွင် ဝင်ငွေမညီမျှမှုမှုတဆင့် လူတန်းစားကွာဟမှုမှာလည်း ကြီးမားခဲ့ပါသည်။ လူတန်းစားကွာဟမှုနှင့် စီးပွားရေးတိုးတက်မှုတွဲလျက် ရှိနေခြင်းသည် နိုင်ငံတွင်း၌ပင် နိုင်ငံသားအချင်းချင်း မတရားမှုများစွာ ဖြစ်လာစေရန် ရေခံမြေခံကောင်း ဖြစ်နေပါသည်။ နိုင်ငံ့အာဏာကို ချုပ်ကိုင်ထားသူများနှင့် ၎င်းတို့၏ စီးပွားရေးမိတ်ဖက်များက ကြိုကြိုတက်ချမ်းသာပြီး သာမန်ပြည်သူများမှာမူ တရားမျှတစွာ အသက်ရှင်ရန် များစွာ ပင်ပန်းတကြီး ကြိုးပမ်းအားထုတ်ရပေလိမ့်မည်။

နိုင်ငံလုံးဆိုင်ရာအဆင့် လေ့လာချက်များတွင် နိုင်ငံနယ်နိမိတ်ကို ဖြတ်သန်းလာသည့် စစ်အာဏာသိမ်းနိုင်ခြေ တိုးမြင့်ပေးသော သက်ရောက်မှုများလည်း ရှိနေကြောင်း တူရကီနိုင်ငံကို ဥပမာထားလျက် သိရပါသည်။ ဒီမိုကရေစီစနစ်အောက်တွင် ပြည်သူတို့၏ ဆန္ဒမဲကို ကျောထောက်နောက်ခံပြုကာ အစိုးရဖြစ်လာသော အရပ်သားအစိုးရများသည် ပြည်သူတို့၏ အသံကို

နားထောင်သည်။ ပြည်သူတို့၏ ကန့်ကွက်မှုကို လက်ခံသည်။ အရပ်သားအစိုးရများ၏ တရားနည်းလမ်းကျသော အဆိုပါအကျင့်အကြံများသည် အချို့သော နိုင်ငံကြီးများ၏ စီးပွားရေးလုပ်ငန်းကြီးများနှင့် ၎င်းတို့ထောက်ပံ့ထားသော နိုင်ငံအစိုးရများကို မကျေမချမ်း ဖြစ်စေသည်။ ထိုသို့သော အခြေအနေတွင် အဆိုပါနိုင်ငံကြီးများ၏ အုပ်ချုပ်ရေးသည် နိုင်ငံငယ်၏ စစ်တပ်အား အာဏာသိမ်းစေရန် အားပေးအားမြှောက်ပြုသည်။ ထောက်ပံ့ပေးသည်။ တူရကီနိုင်ငံတွင် အချို့ စစ်ဘက်အာဏာသိမ်းမှုများအား နိုင်ငံကြီးတစ်ခုက အမှန်ထောက်ပံ့ပေးခဲ့ပါသည်။ အရပ်သားအစိုးရများအား ပြည်သူတို့က တရားနည်းလမ်းကျစွာ အပ်နှင်းထားသော နိုင်ငံတော်အာဏာအား တရားနည်းလမ်းမကျစွာ ရယူခြင်း ခံလိုက်ရလေးသည်။ ယင်းအခြေအနေသည် မြန်မာပြည်အခြေအနေနှင့် နှိုင်းယှဉ်စဉ်းစားလိုက စဉ်းစားနိုင်သည့် အခြေအနေတွင် ရှိသည်။ ပြည်သူလူထုကလည်း ဒါကို ကောင်းကောင်း သိပါသည်။ အရပ်သားအစိုးရသည် ပြည်သူ့မျက်နှာကြည့်ကာ ခွင့်ပြုချက်ပေးနိုင်သည့် လုပ်ငန်းများကို ခွင့်ပြုပေးပြီး ထိုတိုင်းပြည်ကြီးအတွက် အကျိုးရှိစေမည့် စီးပွားရေးမူဝါဒများ (အထူးသဖြင့် ကုန်သွယ်ရေးမူဝါဒများကို ချမှတ်ပေးပါလိမ့်မည်။ တူရကီနိုင်ငံတွင် ထိုအတိုင်း ဖြစ်ခဲ့ပါသည်။ ထိုသို့သော အခြေအနေများကို မှီခိုရခြင်းသီဝရီ Dependency Theory တွင် သေချာ ရှင်းပြထားသည်။

မိုက်ခရိုအဆင့် (နိုင်ငံ၏ စီးပွားရေးအကျိုးရှင်အုပ်စုများအကြား အပြန်အလှန် သက်ရောက်မှုများ) လေ့လာချက်များ

စစ်အာဏာသိမ်းမှုနှင့် နိုင်ငံ့စီးပွားရေးအကြား ဆက်နွယ်မှုများကို မိုက်ခရိုအဆင့်လေ့လာချက်များတွင်လည်း စိတ်ဝင်စားစရာ ကောင်းသော အချက်များ တွေ့ရှိရပါသည်။ သီဝရီများအနက် “စစ်ဘက်ဗဟိုပြုသီဝရီ” (Military Centrality Theory) သည် ဖြစ်တန်ချေများသည်ဟု ပညာရှင် သောတုဇနအများအပြားက လက်ခံယူဆကြသည်။ စစ်ဘက်ဗဟိုပြုသီဝရီအရ စစ်အာဏာသိမ်းမှုသည် အချို့သော နိုင်ငံရေးဇာတ်ကောင်များ၏ ရုပ်ဝတ္ထုကြွယ်ဝချမ်းသာစေရေး လိုလားနှစ်ခြိုက်မှုကြောင့် ၎င်းတို့ကြိုးပမ်းအားထုတ်မှုများ၏ ရလာဒ် ဖြစ်သည်။ ဤသီဝရီသည် စစ်တပ်၏ ကော်ပိုရိတ်အကျိုးစီးပွားများကို အဓိကထား ဦးတည်ပြီး အခြားသော ခန့်မှန်းချက်များကိုလည်း သီဝရီနှင့် ပေါင်းစပ်တွေးခေါ်ရန် ခွင့်ပြုပါသည်။ သီဝရီက အဓိကတင်ပြသည့် အချက်၃ချက် ရှိပါသည်။ ပထမအချက်မှာ စစ်တပ်အကျိုးစီးပွားများ အရေးပေါ်ဖြစ်နေသောအခါ စစ်တပ်သည် အစိုးရအား ဖြုတ်ချပြီး စစ်အာဏာသိမ်းပါသည်။ ထိုအချက်အရ စစ်အသုံးစရိတ်နှင့် ရိက္ခာလစာများ လျှော့ချမှုသည် အာဏာသိမ်းမှုနှင့် နီးနွယ်ပတ်သက်နေသည်။ ဒုတိယအချက်မှာ နိုင်ငံတော်အာဏာ၏ ရာခိုင်နှုန်းအတော်များများကို ပိုင်ဆိုင်သော စစ်တပ်သည် နိုင်ငံရေးအရ ဗဟိုအချက်အချာကို ရယူပိုင်ဆိုင်ချင်ပြီး ထို့အတွက် စစ်တပ်သည် နိုင်ငံရေးတွင် ပို၍ ပို၍ ဝင်ရောက်ချင်လာသည်။ တတိယအချက်မှာ နိုင်ငံရေးတွင် စစ်ဘက်က ဝင်ရောက်စွက်ဖက်မှုသည် စစ်အာဏာသိမ်းမှုများ ဖြစ်လာရန် အားပေးနေသည်။ အထက်ပါအချက်များသည် စာရေးသူ ထွင်ပြောခြင်း မဟုတ်ဘဲ သီဝရီ၏ ရှင်းလင်းချက်များ ဖြစ်ပါသည်။ သီဝရီဆိုသည်မှာ မှန်ကန်သော အချက်အလက်ကို ပညာရှင်များ၏ ကျိုးကြောင်းကြသည့် ဉာဏ်ပညာနှင့် ကြိမ်ဖန်များစွာ တိုက်ဆိုင်စစ်ဆေးပြီး ဖော်ထုတ်ထားသည် ဖြစ်ရာ မြေပြင်အခြေအနေကို ထင်ဟပ်သည်မှာ အံ့သြစရာမရှိပါ။

အထက်ပါသီဝရီကို ကိုင်ဆွဲအသုံးပြုရန် မြေပြင်အချက်အလက် များစွာ လိုအပ်ပါမည်။ သို့သော် သီဝရီ၏ အားနည်းချက်မှာ အာဏာသိမ်းနိုင်ခြေကိုသာ ရှင်းပြနိုင်ပြီး အာဏာသိမ်းပြီးနောက် အာဏာသိမ်းမှုက စီးပွားရေးအကျိုးရှင်အုပ်စုများအား မည်သို့ သက်ရောက်မည်ကို မရှင်းပြပါ။ မေခရိုအဆင့်နောက်ဆုံးလေ့လာတွေ့ရှိချက်ဖြစ်သည့် စစ်အာဏာသိမ်းမှုသည် ဝင်ငွေမညီမျှမှုကို ဆိုးရွားစေသည် ဆိုသည်နှင့် ပူးတွဲစဉ်းစားလို့ ရနိုင်ပါသည်။ အထက်ပါသီဝရီအရ စစ်တပ်သည် နိုင်ငံတော်နှင့် နိုင်ငံ့အရေး၏ ဗဟိုနေရာတွင် တည်ရှိနေပြီး စက်ဝိုင်းတစ်ခု၏ ဗဟိုဝယ် သိပ်သည်းဆမြင့်မားပြီး အစွန်တွင်တော့ အလွန်ပွယောင်းနေနိုင်သည်။ အချက်နှစ်ချက် ပေါင်းစည်းစဉ်းစားချက်အရ ဝင်ငွေမညီမျှမှု ကြီးမားပြင်းထန်လာသည် ဆိုပါက ဗဟိုတွင် အရင်းအမြစ်များ အလွန်အမင်း စုစည်းနေပြီး အစွန်တွင်မူ အရင်းအမြစ်များ ရှားချင်မှ ရှိပါလိမ့်မည်။

ဒယ်ရွှန်အေစီမိုဂလူနှင့် ဂျိမ်းစ်ရော်ဘင်ဆင်တို့အလိုအရ နိုင်ငံ့စီးပွားရေးသည် နိုင်ငံ၏ အင်စတီကျူးရှင်းများပေါ်တွင် အလုံးစုံ မူတည်နေပါသည်။ နိုင်ငံ၏ အင်စတီကျူးရှင်းများသည် ပွင့်လင်းလွတ်လပ်ပြီး မတူညီသည့် အင်အားစု အများအပြား ပါဝင်နိုင် လှုပ်ရှားနိုင် ကြိုးစားအားထုတ်နိုင် ရပါမည်။ အများပြည်သူတို့၏ အသိအမှတ်ပြုမှု မရရှိသော အုပ်ချုပ်ရေးသည်

မတူညီသည့်အင်အားစု အများအပြား ပါဝင်ကြိုးစားအားထုတ်နိုင်သည့် အင်စတီကျူးရှင်းများကို မတည်ဆောက်နိုင်ဟု စာရေးသူက ယူဆပါသည်။ စာရေးသူယူဆချက် အထက်ပါ ပါမောက္ခနှစ်ဦး၏ ကမ္ဘာသို့ တင်ပြချက်အား လေ့လာသင်ယူထားခြင်းဖြစ်၏။ အဆိုပါဆရာနှစ်ဦး၏ အချို့ တင်ပြချက်များကို အကျဉ်း ထပ်မံ ရေးသားချင်ပါသည်။ ဆိုဗီယက်နှင့် အမေရိကန်သည် စစ်အေးကာလတွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့် နည်းပညာ ပြိုင်ဆိုင်ခဲ့ကြပါသည်။ ဆိုဗီယက်ပြည်ထောင်စုသည် အများသိသည့်အတိုင်း တစ်ပါတီအာဏာရှင်စနစ်ကျင့်သုံးပါသည်၊ အမေရိကန်ပြည်ထောင်စုကတော့ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို လေးစားလိုက်နာပါသည်။ ဆိုဗီယက်ပြည်ထောင်စုသည် ဘယ်နှနှစ်အတွင်း အမေရိကန်ပြည်ထောင်စုကို ကျော်တက်တော့မည်ဟု ဟောကိန်းများ တစ်ခုပြီး တစ်ခု ထွက်ခဲ့ပါသည်။ နည်းပညာအာကာသပိုင်းတွင် ပိုင်ဆိုင်မှု ပြင်းထန်ခဲ့ပါသည်။ ကျော်တက်တော့မည်ဟု ဟောကိန်းထုတ်ခံရသော ဆိုဗီက်ပြည်ထောင်စုသည် ၁၉၉၅တွင် အမေရိကန်လက်ချက်မပါဘဲ ပြိုကွဲသွားပါသည်။ ပညာရှင်နှစ်ဦး၏ သုံးသပ်ချက်မှာ ဆိုဗီယက်ပြည်ထောင်စုသည် အာကာသနည်းပညာသာ အဓိကဆိုပြီး ရှိသမျှ အရင်းအမြစ်တွေ အကုန်လုံးကို အာကာသနည်းပညာတွင် ပုံသုံးခဲ့ပါသည်။ ထို့အပြင် မက်လုံး ပေးပြီး ဆွဲဆောင်သည်ထက် အမိန့်ပေးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းတို့ကို ကျင့်သုံးခဲ့ပါသည်။ အမေရိကန်တွင် အစိုးရကို ပြည်သူတွေက ရွေးကောက်တင်မြှောက်သော်လည်း ဆိုဗီယက်တွင်တော့ ပါတီပေါ်လစ်ဗျူရိုက ချုပ်ကိုင်ထားပါသည်။ အမေရိကန်တွင် သမ္မတသည် ပြည်သူချစ်သည့် ပြည်သူ့သမ္မတဖြစ်ပြီး ဆိုဗီယက်တွင်တော့ မိမိမသိသည့်သူကို မိမိတို့မသိသည့်လူများက တင်မြှောက်လိုက်ခြင်း ဖြစ်နေတော့သည်။ လိုရင်းတကာ့ လိုရင်းအကျဆုံးမှာ အမေရိကန်တွင် ပြည်သူများအတွက် မက်လုံး ရှိပါသည်။ တိုင်းပြည်တိုင်းတွင် အခက်အခဲ ကြုံတွေ့နိုင်ပါသည်။ မက်လုံး ရှိသော ပြည်သူများက ကြိုးစားပြီး ပြန်ထနိုင်ပါသည်။ ဆိုဗီယက်ပြည်ထောင်စုတွင် အဆိုပါအခြေအနေမျိုး မရှိခဲ့ပါ။ ပါတီခေါင်းဆောင်ပိုင်းလူတစ်ခုက နိုင်ငံတော်ကို တာဝန်ယူပြီး ပြည်သူတို့အတွက် မက်လုံး မရှိ၊ အုပ်ချုပ်သူများက ပြည်သူတို့အား မက်လုံးပေးအပ်ခြင်း မရှိ။ ထို့ကြောင့် ကျွန်ုပ်တို့ ပြည်သူများသည် မက်လုံး ရှိသောစနစ်ကို တောင်းဆိုနေကြခြင်း ဖြစ်ပါသည်။

နိဂုံး

စစ်အာဏာသိမ်းမှုနှင့် နိုင်ငံ့စီးပွားရေးအကြောင်း ကျွန်ုပ် ဉာဏ်မှီသမျှ တင်ပြလိုက်ပါသည်။ နိုင်ငံ့စီးပွားရေးဆိုသည်မှာ ပြည်သူများ ရုပ်ခန္ဓာလုံခြုံ စိတ်လုံခြုံပြီး ကြွယ်ဝချမ်းသာရေး ဖြစ်ပါသည်။ ဤသည်ပင်လျှင် ဘောဂဗေဒကို လေ့လာသင်ယူသူတစ်ဦး၏ တာဝန်နှင့်အညီ ပြည်သူတို့ ကိုယ်ကျန်းမာ စိတ်ချမ်းသာ ကြွယ်ဝချမ်းသာစေရေးအတွက် ရေးသားတင်ပြလိုက်ပါသည်။

သန်းထွန်း

၁၁၊၂၊၂၀၂၁

References

The Political Economy of Coup D’etat: A General Survey and a Local Theory for Turkey by Alper H. Yagci, 2018.

Why Nations Fail by Daron Acemoglu and James A. Robinson, 2012.